

OECD Watch



နိုင်ငံပေါင်းစုံ လုပ်ငန်းကြီးများအတွက် OECD
(စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု နှင့် ဖွံ့ဖြိုးရေးအဖွဲ့ ) လမ်းညွှန်များ

# တာဝန်သိသည့် စီးပွားရေးလုပ်ငန်းကျင့်ထုံးဆိုင်ရာ နည်းလမ်းတစ်ခု







# နိုင်ငံပေါင်းစုံ လုပ်ငန်းကြီးများအတွက် OECD (စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု နှင့် ဖွံ့ဖြိုးရေးအဖွဲ့ ) လမ်းညွှန်များအကြောင်း

နိုင်ငံပေါင်းစုံ လုပ်ငန်းကြီးများအတွက် OECD (စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးအဖွဲ့ ) လမ်းညွှန်များ (လမ်းညွှန် များ) သည် စီးပွားရေးလုပ်ငန်းများအတွက် သူတို့၏ ကမ္ဘာတဝှမ်း လုပ်ငန်းဆောင်ရွက်မှုများတွင် တာဝန်သိသည့် စီးပွား ရေး ကျင့်ထုံးများနှင့် ပတ်သက်၍ အစိုးရများက ကျောထောက်နောက်ခံ ပြုပေးထားသည့် အကြံပြုချက်များဖြစ်ပါသည်။ ယခုလမ်းညွှန်တွင် ခေါင်းစဉ်အထွေထွေ ပါရှိပြီး လူ့အခွင့်အရေး၊ အလုပ်အကိုင် နေရာချထားရေး၊ သဘာဝ ပတ်ဝန်းကျင်၊ ဖွင့်ဟပြောဆိုမှု၊ အကျင့်ပျက်ခြစားမှု နှင့် အခွန်ကိစ္စများ အပါအဝင် ဖြစ်ပါသည်။ ယခုလမ်းညွှန်များနှင့် သက်ဆိုင်ပတ် သက်မှုရှိသည့် အငြင်းပွားမှု ဖြေရှင်းရေး လုပ်ငန်းစဉ်သည် ကော်ပိုရေးရှင်းကြီးများ၏ လွဲမှားလုပ်ဆောင်မှုများအပေါ် ဖြေ ရှင်းကိုင်တွယ်ရန် အထူးသက်ဆိုင်သည့်နည်းနာပင် ဖြစ်ပါသည်။ ယခုလက်ကမ်းလွှာသည် လမ်းညွှန်မှုများ၏ အထွေထွေ ခြုံငုံဖော်ပြချက်နှင့် ယင်းနှင့် သက်ဆိုင်ပတ်သက်သော တိုင်ကြားမှုလုပ်ငန်းစဉ်များကိုလည်း ဖော်ပြပေးထားပါသည်။

## ဤလမ်းညွှန်တွင် ဖော်ပြထားသည့် အဓိကကျသည့် ပြဋ္ဌာန်းချက်များအကျဉ်း

### စကားဦး

ယခုလမ်းညွှန်များတွင် *မိမိဆန္ဒအလျောက် လိုက်နာရန်ဖြစ်သော* စံနှုန်းများနှင့် အခြေခံမှုများ ပါဝင်ပါသည်။ သို့သော် ယခု လမ်းညွှန်မှုများကို လိုက်နာရမည့် နိုင်ငံများအနေဖြင့်၊ ယင်းတို့ကို အကောင်အထည်ဖော်ရန် စည်းနှောင်မှုရှိသည့် သံန္နိဋ္ဌာန် ပြုချက်များ လုပ်ဆောင်ကြရမည် ဖြစ်ပါသည်။

### အခန်း (၁)။ သဘောတရားနှင့် အခြေခံမှုများ

ယခုလမ်းညွှန်မှုများသည် စီးပွားရေး၏ ကဏ္ဍပေါင်းစုံနှင့် အကျုံးဝင်ပြီး OECD အတွင်း သို့မဟုတ် OECD အဖွဲ့ဝင် နိုင်ငံ များနှင့် လိုက်နာကြရမည့် နိုင်ငံများမှ သွားရောက်လုပ်ကိုင်ကြသည့် စီးပွားရေးလုပ်ငန်းများ၏ ကမ္ဘာလုံးဆိုင်ရာ စီမံဆောင် ရွက်သည့် လုပ်ငန်းများအားလုံးအတွက်လည်း အကျုံး ဝင်ပါသည်။

### အခန်း (၂)။ အထွေထွေ မူဝါဒများ

စီးပွားရေးလုပ်ငန်းများသည် ပြည်တွင်းဥပဒေနှင့် စည်းမျဉ်းများအတိုင်း ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးရေးကို ဖြစ်ထွန်းစေ မည့် ပုံစံများကို လိုက်နာ၍ လုပ်ဆောင်သင့်သည်။ ယင်းတို့သည် ကုမ္ပဏီများ၏ ကိုယ်ပိုင်လုပ်ဆောင်မှုများနှင့် သူတို့၏ ထောက်ပံ့ရေးကွင်းဆက်များ တလျှောက်၊ အခြား စီးပွားရေးဆက်ဆံမှုများကြောင့် ဆိုးကျိုးဖြစ်စေမည့် ထိခိုက်သက် ရောက်မှုများ အားလုံးကို သိရှိစေခြင်း၊ ကာကွယ်ပေးခြင်းနှင့် လျှော့နည်းကျဆင်းစေခြင်း (ဥပမာ- လျော်ကန်သည့် ကရု စိုက်မှု၊ တစိုက်မတ်မတ် လိုက်နာမှု ကျင့်ထုံးများဖြင့်) များ ဆောင်ရွက်သင့်သည်။ စီးပွားရေးလုပ်ငန်းများသည် သက်ဆိုင် ပတ်သက်နေသည့် အရေးပါသောအင်အားစုများနှင့် အဓိပ္ပါယ်ရှိစွာ ထိတွေ့ ဆက်ဆံသင့်ပြီး ကောင်းမွန်သည့် ကော်ပိုရေး ရှင်းများ၏ အခြေခံမှုများကို မြှင့်တင်လိုက်နာသင့်သည်၊ နိုင်ငံရေးလှုပ်ရှားမှုများတွင် မလျော်ကန်သည့် ပါဝင်ပတ်သက်နေမှု များကို ဆင်ခြင်ထိန်းသိမ်းသင့်သည်။

### အခန်း (၃)။ ဖွင့်ဟပြောဆိုမှု

စီးပွားရေးလုပ်ငန်းများသည် သူတို့၏လှုပ်ရှားမှုများ၊ ဖွဲ့စည်းပုံ၊ ငွေကြေးနှင့် ငွေကြေးမဟုတ်သည့်ကိစ္စများ (ဥပမာ- လူမှုရေး နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ)၊ စွမ်းဆောင်မှု၊ ပိုင်ဆိုင်မှု၊ စီမံအုပ်ချုပ်မှုစနစ်နှင့် သက်ဆိုင်သည့်ကိစ္စများ အားလုံးကို ဖွင့်ဟ ပြောဆိုသင့်သည်။ စီးပွားရေးလုပ်ငန်းများသည် သူတို့၏ စီးပွားရေးဆိုင်ရာ ဆက်ဆံရေးများနှင့် လှုပ်ရှားမှုများ၊ သူ တို့၏ ဆက်ဆံရေးကြောင့် သက်ရောက်ထိခိုက်မှုများဆိုင်ရာ သတင်းများအပေါ်တွင်လည်း ဖွင့်ဟပြောဆိုသင့်သည်။

**အခန်း (၄)။ လူ့အခွင့်အရေးများ**

စီးပွားရေးလုပ်ငန်းများသည် လူ့အခွင့်အရေးများကို လေးစားလိုက်နာရမည်။ ကျင့်သုံးမှုများ ရှိရမည်ဖြစ်ပြီး၊ မူဝါဒအရလည်း သံန္နိဋ္ဌာန်ချမှတ်ထားရမည်။ သူတို့သည် လူ့အခွင့်အရေးများနှင့်အညီ ကျင့်သုံးဆောင်ရွက်ကြရမည် ဖြစ်ပြီး၊ အမှန်တကယ် နှင့် ဖြစ်လာနိုင်ခြေရှိသည့် လူ့အခွင့်အရေးဆိုင်ရာ ထိခိုက်သက်ရောက်မှုများအပေါ် သိရှိခွင့် နှင့် ဖြေရှင်းပေးမှုများ လုပ် ဆောင်ကြရမည်။ ပြန်လည်ကုစားပေးမှုများအတွက်လည်း လုပ်ငန်းစဉ်များ ရှိစေရမည်။

**အခန်း (၅)။ အလုပ်အကိုင် နေရာချထားရေးနှင့် ထုတ်လုပ်မှုဆိုင်ရာ ဆက်ဆံရေးများ**

စီးပွားရေးလုပ်ငန်းများသည် အခြေခံလုပ်သားအခွင့်အရေး စံနှုန်းများကို လေးစားလိုက်နာရမည်၊ လျော်ကန်သည့် လုပ်ငန်း ခွင် အခြေအနေများနှင့် လုပ်ခများကို ဆောင်ရွက်ပေးရမည်။ အလုပ်သမားများနှင့် သူတို့မိသားစုများ၏ အခြေခံလိုအပ် ချက်များကို ပြည့်မီစေရမည်။

**အခန်း (၆)။ သဘာဝ ပတ်ဝန်းကျင်**

စီးပွားရေးလုပ်ငန်းများသည် သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်စေမည့် ထိခိုက်သက်ရောက်မှုများ၊ လူ အများကျန်းမာရေးနှင့် လုံခြုံအန္တရာယ်ကင်းရေးတို့အပေါ် ထိခိုက်သက်ရောက်မှုများကို သတ်မှတ်ဖော်ထုတ်ထားရမည်၊ ကာကွယ်တားဆီးရမည်၊ လျော့နည်းအောင် ဆောင်ရွက်ကြရမည်။ သူတို့သည် ဖန်လုံအိမ် အာနိသင် ဓာတ်ငွေ့များ ထုတ်လွှတ်မှုအပါအဝင်၊ သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုစနစ်ကို တည်ထောင် ထားရှိရမည်ဖြစ်ပြီး၊ သဘာဝ ပတ်ဝန်းကျင် စွမ်းဆောင်ရည်ကို အစဉ်သဖြင့် တိုးတက်နေစေရမည်။

**အခန်း (၇)။ လာဘ်ပေးခြင်းနှင့် အကျင့်ပျက်ခြစားမှု**

စီးပွားရေးလုပ်ငန်းများသည် လာဘ်ပေးခြင်း၊ လာဘ်ယူခြင်းကို တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ ဖြစ်စေ မပြုလုပ်ရ။ သူတို့ တွင် သင့်လျော်သည့်ကျင့်ဝတ်များ နှင့် လိုက်နာရမည့် အစီအစဉ်များ၊ အဖွဲ့အစည်းအတွင်း ထိန်းချုပ်မှုများ ရှိထားရမည် ဖြစ်ပြီး၊ တိုက်ရိုက် လာဘ်ပေးခြင်းကို ကာကွယ်တားဆီးရမည်။ သူတို့၏ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး ကြိုးပမ်း ဆောင်ရွက်မှုများအပေါ်တွင်လည်း ပွင့်လင်းမြင်သာ ရှိစေရမည်။

**အခန်း (၈)။ စားသုံးသူများ၏ အကျိုးစီးပွား**

စီးပွားရေးလုပ်ငန်းများသည် မျှတသော ဈေးကွက်တင်ခြင်းနှင့် ကြော်ငြာခြင်း အလေ့အကျင့်များ အသုံးပြုကြရမည်။ သူတို့ ၏ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ၏ အရည်အသွေးနှင့် အားထားယုံကြည်ရမှုကို သေချာ ဆောင်ရွက်ပေးရမည်။ တိကျသည့်၊ ပြန်လည်စိစစ်နိုင်သည့်၊ ရှင်းလင်းသည့် သတင်း အချက်အလက်များကို စားသုံးသူများအနေဖြင့် သတင်း သိရှိ၍ ချမှတ်သော ဆုံးဖြတ်ချက်များပြုနိုင်ရန် သတင်းများပေးရမည်။

**အခန်း (၉)။ သိပ္ပံနှင့် နည်းပညာ**

စီးပွားရေးလုပ်ငန်းများသည် ဒေသဆိုင်ရာနှင့် နိုင်ငံတို့၏ အမျိုးသားတီထွင်ဖန်တီးမှု စွမ်းရည် ဖွံ့ဖြိုးတိုးတက်လာစေရန် နည်းပညာသစ်များ လက်လွှဲပြောင်းပေးခြင်း၊ အသိဉာဏ်မူပိုင်ခွင့်ဆိုင်ရာ အသုံးပြုခွင့်ပေးခြင်း၊ ဒေသခံများကို လုပ်သား နေရာချထားပေးခြင်း.. စသည့်နည်းများဖြင့် ဖြည့်ဆည်း ဆောင်ရွက်ပေးကြရမည်။

**အခန်း (၁၀)။ ပြိုင်ဆိုင်မှု**

စီးပွားရေးလုပ်ငန်းများသည် ပြိုင်ဆိုင်မှုဆိုင်ရာ ဥပဒေနှင့် စည်းမျဉ်းများအပေါ် လိုက်နာဆောင်ရွက်ရမည်။ ပြိုင်ဆိုင်မှုကို ဆန့်ကျင်သည့် အမူအကျင့်များကို သုံးစွဲခြင်းကို ထိန်းသိမ်းရှောင်ကျဉ်ရမည်။

**အခန်း (၁၁)။ အခွန်ပေးဆောင်မှု**

စီးပွားရေးလုပ်ငန်းများသည် အိမ်ရှင်နိုင်ငံများ၏ အစိုးရငွေကြေးကဏ္ဍများကို အချိန်နှင့်အညီ အခွန်ပေးဆောင်မှုများမှ တဆင့်၊ အခွန်ဥပဒေများ၊ စည်းမျဉ်းများ၊ စာသားများ၊ အနှစ်သာရ စသည်တို့နှင့် အညီ ဖြည့်ဆည်းပေးရမည်။ သူတို့၏ အခွန်ဝန်ထုပ်ဝန်ပိုး သက်သာလျော့နည်းစေရန် အမြတ်အစွန်းများကို ရွှေ့ပြောင်းခြင်း သို့မဟုတ် အရှုံးများကို လျော့ချ ပြခြင်းတို့ကို ရှောင်ကျဉ်သင့်သည်။

## မည်သို့တိုင်ကြားကြရမည်နည်း။

နောက်ပိုင်းတွင် ဖော်ပြမည့် တစ်ဆင့်ပြီးတစ်ဆင့် လမ်းညွှန်တွင် OECD Watch အနေဖြင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)၊ အခြားအဖွဲ့အစည်းများ၊ တစ်သီးပုဂ္ဂလ လူတစ်ဦးချင်းအနေဖြင့် OECD လမ်းညွှန်များအတိုင်း လိုက်နာ၍တိုင်ကြားမှု ပြုနိုင်ပါသည်။ တိုင်ကြားပြီးနောက် ဖြန်ဖြေပေးရန် ပြင်ဆင်နိုင်ပါသည်။ အသေးစိတ်လမ်းညွှန်များအတွက် နိုင်ငံပေါင်းစုံ လုပ်ငန်းကြီးများဆိုင်ရာ OECD Watch လမ်းညွှန်ကို ကြည့်၍ ညှိနှိုင်းစေလိုပါသည်။ အွန်လိုင်းတွင် www.oecdwatch.org ၌ ရယူနိုင်ပါသည်။

၁

**တိုင်ကြားမှုတစ်ခုအတွက် စဉ်းစားခြင်း**

- ဖြစ်ပွားနေသည့် တိကျသော ချိုးဖောက်မှုများကို သတ်မှတ်ဖော်ထုတ်၍ မည်သည့်ကုမ္ပဏီက တာဝန်ရှိကြောင်း၊ သို့မဟုတ် ပါဝင်ပတ်သက်နေကြောင်း ဆုံးဖြတ်ရန်။
- လမ်းညွှန်အတိုင်း တိုင်ကြားမှုတစ်ခု၏ အကျိုးရလဒ်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်သကဲ့သို့၊ လုပ်ငန်းစဉ် ယန္တရား ၏ အကန့်အသတ်များကိုလည်း ထည့်သွင်းစဉ်းစားစေလိုပါသည်။ အခြားသော မဟာဗျူဟာတစ်ခုက ပို၍ ထိရောက်ပြီး မြန်ဆန်သက်ရောက်မှုရှိမည်ကိုလည်း စဉ်းစားသင့်သည်။ တပြိုင်နက်တည်း မဟာဗျူဟာ များ အသုံးပြုခြင်းလည်း ဖြစ်နိုင်သည်။
- တိုင်ကြားမှု လုပ်ငန်းစဉ်များအတွက် အချိန်နှင့် အရင်းအမြစ် လိုအပ်ချက်များကိုလည်း သတိပြုပါ။

## OECD လမ်းညွှန်းမှုများအပေါ် ၂၀၁၁ ခုနှစ် ပြင်ဆင်ဖြည့်စွက်မှုများ၏ အဓိကအချက်များ

၂၀၁၁ ခုနှစ်၊ မေလတွင် OECD အဖွဲ့ပါ အစိုးရများနှင့် လိုက်နာသည့်နိုင်ငံများ၏ အစိုးရများက OECD လမ်းညွှန်များအပေါ် ပြင်ဆင်ဖြည့်စွက်မှုများကို ချမှတ်အတည်ပြုခဲ့ကြပါသည်။ စည်းကြပ်မှု လုပ်ငန်းစဉ် ယန္တရား ကင်းမဲ့နေခြင်း ကဲ့သို့သော အခြေခံ လိုအပ်ချက်များ ရှိနေသေးသော်လည်း၊ ပြင်ဆင်ဖြည့်စွက်ထားသည့် လမ်းညွှန်သည် အရေးပါသည့် ပြဋ္ဌာန်းချက်များ ကို စတင်ဖြည့်ဆည်းခဲ့ပါသည်။ ဥပမာအားဖြင့်- ဥပဒေအရ တိကျစွာ လိုက်နာရန်အဆင့်များ၊ ထောက်ပံ့ရေး လမ်းကြောင်း တလျှောက်အတွက် တာဝန်ရှိမှု နှင့် လူ့အခွင့်အရေးကိစ္စများ ဖြစ်ပါသည်။ NCPs များက တိုင်ကြားမှုများကို ကိုင်တွယ်ဖြေ ရှင်းရာတွင် လိုက်နာဆောင်ရွက်သင့်သော လုပ်ငန်းစဉ်များနှင့် ပတ်သက်၍လည်း ဖွံ့ဖြိုးတိုးတက်စေခဲ့ပါသည်။

**ဥပဒေအရ တိကျစွာ လိုက်နာရန်အဆင့်များ (Due Diligence)။** ဥပဒေအရ တိကျစွာ လိုက်နာရန်အဆင့်များ ဆိုသည်မှာ စီးပွားရေးလုပ်ငန်းများအနေဖြင့် အမှန်တကယ် နှင့် ဖြစ်နိုင်ခြေရှိသော ဆိုးကျိုးသက်ရောက်မှုများအပေါ် သတ်မှတ်ဖော်ထုတ်ရန်၊ ကာကွယ်တားဆီးရန်၊ လျော့နည်းစေရန် နှင့် တာဝန်ယူရန် လုပ်ငန်းစဉ်တစ်ခု ဖြစ်သည်။ ဥပဒေအရ တိကျ စွာ လိုက်နာရန်အဆင့်များကြောင့် အမှန်တကယ်နှင့် ဖြစ်နိုင်ခြေရှိသော ဆိုးကျိုးများကို အကဲဖြတ်မှု လုပ်ဆောင်စေနိုင်ပြီး၊ တွေ့ရှိချက်များအပေါ် လုပ်ဆောင်မှုများ ပေါင်းစည်း၍ လုပ်ဆောင်ခြင်း၊ လှုပ်ရှားခြင်း ပြုနိုင်စေသည်။ တုံ့ပြန်မှုများအပေါ် ခြေရာခံကောက်နိုင်သကဲ့သို့ ဆိုးကျိုးသက်ရောက်မှုများအပေါ် မည်သို့ဖြေရှင်းပေးသည်ကိုလည်း ဆက်သွယ်မေးမြန်းနိုင်သည်။ OECD လမ်းညွှန်များအရ စီးပွားရေးလုပ်ငန်းများသည် ဤလမ်းညွှန်တွင် လွှမ်းခြုံပါရှိသော ဥပဒေအရ တိကျစွာ လိုက်နာရန်အဆင့်များ ဆောင်ရွက်ကြရမည်ဖြစ်ပြီး၊ ယင်းတို့တွင် လူ့အခွင့်အရေးများ၊ သဘာဝ ပတ်ဝန်းကျင်၊ အကျင့် ပျက်ခြစားမှုများ နှင့် စားသုံးသူများ၏ အကျိုးစီးပွားတို့ ပါဝင်သည်။

**ထောက်ပံ့ရေး လမ်းကြောင်း တလျှောက်အတွက် တာဝန်ရှိမှု (Supply Chain Responsibility)။** ယခုလမ်းညွှန်သည် စီးပွားရေးလုပ်ငန်း၏ ကဏ္ဍ၊ အစိတ်အပိုင်းအားလုံး၊ (လက်ခွဲဌာနများနှင့် ကိုယ်စားနံမည်ခံသူများ (franchaisees) နှင့် စီးပွားရေးဆက်ဆံမှုအားလုံး- ဥပမာ၊ ထောက်ပံ့ပေးသူများ၊ လက်ခွဲ ကန်ထရိုက်တာများ အားလုံး) အကျုံးဝင်သည်။ ယင်းတို့အားလုံးသည် ဆိုးကျိုးများကို မဖြစ်ပေါ်ရန်၊ မပံ့ပိုးမိကြစေရေး ရှောင်ရှားကြရန် သာမက၊ သူတို့သည် သူတို့၏ ထုတ်ကုန် များ၊ ဝန်ဆောင်ပေးမှုများနှင့် ပတ်သက်၍ ဆိုးကျိုးများမဖြစ်ပေါ်စေရန် ကာကွယ်ပေးရန် လိုအပ်သည်။ စီးပွားရေးလုပ်ငန်း များသည် စီးပွားရေးအရ နီးနွှယ်ပတ်သက်မှု မိတ်ဖက်အင်အားစုများနှင့် မိတ်ဖက်အဖွဲ့များ၏ ထိခိုက်သက်ရောက်မှု အား လုံးကို လူသိရှင်ကြား ထုတ်ဖော်ပြောဆိုရန် တိုက်တွန်းထားသည်။

**လူ့အခွင့်အရေးများနှင့် အရေးပါသည့် အင်အားစုများ ထိတွေ့ဆက်ဆံမှု။** ဤလမ်းညွှန်က စီးပွားရေးလုပ်ငန်းများအနေဖြင့် လူ့အခွင့်အရေးများ အားလုံးအပေါ် လေးစားလိုက်နာရန် လေးနက်စွာတိုက်တွန်းထားပြီး၊ မည်သည့်နေရာတွင် လုပ်ငန်းလုပ်ကိုင်သည်မဆို လိုက်နာကြရမည်။ သူတို့သည် လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်စေအောင် သို့မဟုတ် တွန်းအားဖြစ်စေမှုများ ရှောင်ရှားကြရမည် ဖြစ်ပြီး၊ အရေးပါသည့် အင်အားစုများဖြစ်သည့် ထိခိုက်သက်ရောက်ခံကြရ သော လူပုဂ္ဂိုလ်များနှင့် ရပ်ရွာလူထုများနှင့် အဓိပ္ပါယ်ရှိစွာ ထိတွေ့ဆက်ဆံကြရမည်။

**NCP စွမ်းဆောင်မှု။** NCPs များသည် တိုင်ကြားမှုများကို ဘက်မလိုက်ဘဲ၊ ကြိုတင်ခန့်မှန်းနိုင်သော၊ တန်းတူညီမျှသော ဖြေရှင်းကိုင်တွယ်မှုများ ဆောင်ရွက်ပေးကြရမည်။ သူတို့က ပွင့်လင်းမြင်သာမှု၊ အချိန်ဇယား သတ်မှတ်ခြင်းနှင့် လိုက်နာခြင်း၊ ကြိုတင်ခန့်မှန်းထားနိုင်သော လုပ်ငန်းစဉ်များကို လိုက်နာဆောင်ရွက်ခြင်း၊ သူတို့ကိုယ်တိုင်ကို မြင်သာစေခြင်း၊ သက်ဆိုင်ပတ်သက်သည့် အင်အားစုအားလုံးက ထိတွေ့နိုင်ခြင်းများ ရှိစေရမည်။

## ၂

**ဖြစ်နိုင်ခြေရှိသော မေးခွန်းများကို အပြီးဆောင်ရွက်ထားခြင်း။**

- OECD လမ်းညွှန်တွင် သင်၏ပြဿနာကို လွှမ်းခြုံမှုရှိ မရှိ ဆုံးဖြတ်ရမည်။ မည်သည့်အခန်း၊ မည်သည့်ပြဌာန်းချက်များကို ချိုးဖောက်ခြင်း သတ်မှတ်ဖော်ထုတ်ရမည်။
- ပြဿနာနှင့် ပတ်သက်လာလျှင် ကော်ပိုရေးရှင်းဌာနများ၏ သက်ဆိုင်ပတ်သက်မှုနှင့် ဆက်ဆံရေးကိစ္စများကို မြေပုံထုတ်ရမည်။ (ဥပမာ-မိခင် ကုမ္ပဏီများ၊ လက်ခွဲများ၊ ဖက်စပ်လုပ်ငန်းများ၊ ငွေကြေးထောက်ပံ့နေသူများ၊ ထောက်ပံ့ရေးလမ်းကြောင်းရှိ မိတ်ဖက်ကုမ္ပဏီများ၊ အခြား စီးပွားရေး ဆက်ဆံမှုများ... စသည်)။
- နိုင်ငံအဆင့် သက်ဆိုင်ရာ ဆက်သွယ်ရမည့် နေရာဌာနများ (NCPs) များကို ရှာဖွေ ဖော်ထုတ်ထားပါ။ တိုင်ကြားမှု များကို ကိုင်တွယ်ဖြေရှင်းရာတွင် သူတို့၏သီးသန့် ဥပဒေများကိုလည်း လေ့လာဖော်ထုတ်ထားပါ။

## ၃

**လိုလားသည့် ရလဒ်များကို သတ်မှတ်ဖော်ထုတ်ထားခြင်း။**

- စီးပွားရေးလုပ်ငန်းများထံမှ သင်၏တောင်းဆိုချက်ကို သတ်မှတ်ဖော်ထုတ်ထားပါ။ (ဥပမာ-မူဝါဒ၊ သီးသန့် လုပ်ရပ်များကို ပြောင်းလဲစေရန်၊ အန္တရာယ်များကို ကြိုတင်ကာကွယ်မှုပေးရန်၊ ဆိုးကျိုးများကို ပြန်လည်ကုစား ပေးရန်... စသည်ဖြင့်)။
- NCP သို့ သင်၏တောင်းဆိုမှုကို တိကျပါစေ။ (ဥပမာ-ဖြန်ဖြေမှု ဖြစ်စေရေး ကြားဝင်ပေးရန်၊ အချက်အလက် ရှာဖွေစုံစမ်းပေးရန်၊ လိုက်နာမှုအပေါ် သိရှိနိုင်ရန်၊ ပြဿနာများအပေါ် အကြံပေးမှုများပြုရန်... စသည်ဖြင့်)။
- သင်က ညှိနှိုင်းအပေးအယူ လုပ်လိုသည့်ပြဿနာများ၊ လုံးဝ ညှိနှိုင်း-မဆွေးနွေးနိုင်သည့် ပြဿနာများကို သင်က ဆုံးဖြတ်ထားရန်။
- တိုင်ကြားမှု၏ အပြုသဘော နှင့် ဆိုးကျိုး (အနုတ်သဘော) ရလဒ်များကို ထည့်သွင်းစဉ်းစားထားရန်။ (ဥပမာ- အစိုးရ မူဝါဒများ တိုးတက်လာခြင်း၊ စက်မှုလုပ်ငန်း ကျင့်သုံးလုပ်ဆောင်နေမှုများ ပြောင်းလဲသွားခြင်း၊ လူသိများအောင် ဆောင်ရွက်ခြင်းကြောင့် လူထုအများ သိရှိလာကြခြင်း... စသည်)။





# OECD နှင့် နိုင်ငံအဆင့် (အမျိုးသား) ဆက်သွယ်ရန် နေရာဌာန

ဥရောပ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအဖွဲ့ (OECD) သည် အစိုးရများအကြား ဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခု ဖြစ်ပြီး၊ နိုင်ငံပေါင်း ၃၄-နိုင်ငံ ပါဝင်ပါသည်။ ယင်းတို့က လူမှုရေးနှင့် စီးပွားရေးမူဝါဒများကို ရေးဆွဲချမှတ်ကြပါသည်။ OECD အဖွဲ့ဝင်နိုင်ငံများအပြင်၊ OECD ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထုတ်ပြန်ကြေညာချက်ကို လိုက်နာ သည့် OECD အဖွဲ့ဝင်မဟုတ်သည့် နိုင်ငံ ၉-ခုလည်း ပါဝင်ပါသည်။ ယင်းထုတ်ပြန်ကြေညာချက်တွင် နိုင်ငံပေါင်းစုံ လုပ်ငန်းကြီးများ အတွက် OECD (ဥရောပ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့) လမ်းညွှန်များ လည်း အပါအဝင် ဖြစ်သည်။

၎င်းလမ်းညွှန်များကို လိုက်နာရန်တာဝန်ရှိသည့် အစိုးရများသည် လမ်းညွှန်များကို မြှင့်တင်ဆောင်ရွက်နိုင်ရန် နိုင်ငံအဆင့် (အမျိုးသား) ဆက်သွယ်ရန် နေရာဌာန (NCP) များကို တည်ထောင်၍ ကုမ္ပဏီတစ်ခုက လွဲမှားလုပ်ဆောင်မှုများရှိသည်ဟု စွပ်စွဲသည့် 'တိကျသည့် သီးသန့်ဖြစ်ရပ်များ' ရှိလာလျှင်၊ တိုင်ကြားမှုများကို ကိုင်တွယ်ဖြေရှင်း ကြရသည်။ 'တိကျသည့် သီးသန့်ဖြစ်ရပ်များ' တိုင်ကြားမှု လုပ်ငန်းစဉ်များသည် အဖြေရှာရေးကို ဦးစားပေး ဆောင်ရွက်ကြရပြီး၊ သက်ဆိုင်ရာပါတီ အင်အားစုများကို ဖြန်ဖြေပေးသည့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ပေးကြသည်။

အကယ်၍ ညှိနှိုင်းဆွေးနွေးစေမှု မအောင်မြင်လျှင်၊ (NCPs) သည် လမ်းညွှန်များကို ချိုးဖောက်ခြင်းရှိ-မရှိ ထုတ်ပြန်ကြေညာချက် ပြုသည်။ လမ်းညွှန်များ အပေါ် ပို၍တိကျစွာ လိုက်နာဆောင်ရွက်ရန် အကြံပြုချက်များ ပြုသည်။

OECD နိုင်ငံများနှင့် လိုက်နာသည့် OECD အဖွဲ့ဝင် မဟုတ်သော နိုင်ငံများတွင် လည်ပတ်ဆောင်ရွက်နေသော NCP များ ရှိနေရန် လိုအပ်သည်။ NCP အားလုံးသည် အစိုးရရုံးများ ဖြစ်ကြသော်လည်း၊ သူတို့အားလုံးသည် တစ်ပုံစံတည်း နေရာချ ထားခြင်းမရှိသကဲ့သို့၊ တစ်ပြေးညီ ဖွဲ့စည်းထားခြင်း မရှိပါ။ အချို့သော NCPs များသည် အစိုးရရုံးတစ်ခုတည်းတွင်သာ ရုံး ထိုင်ကြသည်။ အချို့မှာ ပါတီ-အင်အားစု အများအပြား ပါဝင်ဖွဲ့စည်းထားပြီး၊ စီးပွားရေးလုပ်ငန်းများ၊ သမဂ္ဂများ၊ အစိုးရ မဟုတ်သည့်အဖွဲ့အစည်း (အဲန်ဂျီအိုများ) ကိုယ်စားလှယ်များသည် NCP တွင် ပေါင်းစည်း ပါဝင်ကြသည်။ အကောင်းဆုံး စွမ်းဆောင်နိုင်ကြသည့် NCPs များတွင် သီးခြားလွတ်လပ်သည့် ကျွမ်းကျင်သူပညာရှင်များ ပါဝင်သည်၊ သို့မဟုတ် ပြင်ပမှ သီးခြားလွတ်လပ်သည့် ဘုတ်အဖွဲ့များက ကြီးကြပ်ပဲ့ကိုင်ကြသည်။ သို့သော် NCPs အားလုံးသည် မြင်သာရန်၊ လူအများ ထိတွေ့နိုင်ရန်၊ ပွင့်လင်းမြင်သာမှု ရှိစေရန်၊ တာဝန်ယူ တာဝန်ခံမှု ရှိစေရန် လိုအပ်သည်။

၄

**တိုင်ကြားချက်ကို ရေးသားခြင်း။**
အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) များက အသုံးပြုနိုင်မည့် ရှင်းလင်းသော၊ ပြည့်စုံသော၊ တိုတောင်းသော၊ တိုက် တွန်း နားချမှုပါသော တိုင်ကြားမှုပုံစံတစ်ခုကို OECD Watch အဖွဲ့က ပြုစုထားပါသည်။ အနိမ့်ဆုံးအနေဖြင့် တိုင်ကြားစာ တွင်- တိုင်ကြားသူများ၏ ကိုယ်ရေးအချက်အလက်များ၊ စွပ်စွဲဖော်ပြလိုသည့် ချိုးဖောက်မှု (များ)၊ ကုမ္ပဏီ (များ)၊ ပြဿနာ တွင် သူတို့၏ ပါဝင်ပတ်သက်မှု နှင့် အားဖြည့်ပေးမှု၊ ချိုးဖောက်သည်ဟု ဖော်ပြလိုသော OECD ၏ လမ်းညွှန် ဖော်ပြချက် (များ)၊ စွပ်စွဲဖော်ပြသော ချိုးဖောက်မှုများအတွက် သက်သေများ၊ စီးပွားရေးလုပ်ငန်း ကုမ္ပဏီ (များ) သို့ တောင်းဆိုချက် များ၊ NCP သို့ မေတ္တာရပ်ခံချက်များ ... ပါဝင်သင့်သည်။

၅

**တိုင်ကြားချက်ကို ပေးပို့ခြင်း နှင့် လုပ်ငန်းစဉ်တွင်း ထိတွေ့ ဆောင်ရွက်ခြင်း**
တိုင်ကြားသူသည် သင့်တော်သည့် NCP သို့ အီးမေးလ်ဖြင့် ဖြစ်စေ၊ စာပို့၍ ဖြစ်စေ ပေးပို့ တင်ပြနိုင်သည်။ NCP လုပ်ငန်း စဉ်များတွင် အဆင့်များစွာပါဝင်ပြီး၊ အောက်တွင် ဥပမာများကို ဖော်ပြထားသည်။

- ကနဦး အကဲဖြတ်မှု။ NCP ရုံးက တိုင်ကြားစာသည် နောက်ထပ်စုံစမ်းစစ်ဆေးမှုများ ပြုရန်သင့်-မသင့်ကို ဆုံးဖြတ်မည်။ NCP ထံသို့ တုံ့ပြန်ဖြေကြားရမှုများ အကြိမ်ကြိမ်ရှိမည်ဟု မျှော်လင့်ထားနိုင်သည်။ နောက်ထပ် သတင်းအချက်အလက်များနှင့် ရှင်းလင်းတင်ပြချက်များ ပေးရလိမ့်မည်။
- ဖြန်ဖြေပေးခြင်း။ NCP ရုံးက သတ်ဆိုင်ပတ်သက်သည့် ပါတီ အဖွဲ့အစည်းများကို ဖြန်ဖြေပေးရန် အတူ တကွ ဖိတ်ခေါ်မည်။ နှစ်ဖက်ကျေလည်သော အဖြေရရှိရန် ရည်ရွယ်၍ ဖြန်ဖြေပေးခြင်း ဖြစ်သည်။ NCP ရုံးတွင် အစည်းအဝေးတက်ရောက်ရန်နှင့် ဖြန်ဖြေမှုတွင် အခြားတစ်ဖက်မှ ကုမ္ပဏီတက်ရောက်မည်ဟု မျှော်လင့်ထားနိုင် သည်။
- ဆုံးဖြတ်ခြင်း။ အကယ်၍ ဖြန်ဖြေပေးမှု မအောင်မြင်ပါက၊ NCPs များသည် စွပ်စွဲထားသည့် ကျူးလွန်ချိုး ဖောက်မှုအတွက် အကဲဖြတ်မှုများ ဆောင်ရွက်မည်။



## တိုင်ကြားမှု တစ်ခု၏ (ဘ) ၆-လုံး ဘယ်သူက၊ ဘယ်ကိစ္စ၊ ဘယ်အချိန်၊ ဘယ်နေရာ၊ နှင့် ဘယ်အတွက်ကြောင့် လုပ်ဆောင်သည်။

NCPs ၏ လုပ်ငန်းစဉ်များသည် တိုင်ကြားမှုများကို ကိုင်တွယ်ဖြေရှင်းရန် ဖွဲ့စည်းတည်ထောင်ထားခြင်း ဖြစ်ပြီး၊ NCP တစ်ခုနှင့် တစ်ခုအကြား ကွာခြားမှု ရှိသည်။ တိုင်ကြားမှု တစ်ခု မူကြမ်းမရေးမီနှင့် တိုင်ကြားစာ မပေးပို့မီတွင်၊ NCP တစ်ခုက ချမှတ်ထား သည့် သီးခြားဥပဒေများကို ကြည့်ရှုရန် လိုအပ်သည်။ NCP အားလုံးတွင် ယေဘုယျတူညီသည့် ဥပဒေများ နှင့် အောက်ဖော် ပြပါကိစ္စများ ပါဝင်သည်။

ဘယ်သူက။ 'စိတ်ဝင်စားမှုရှိသည့် မည်သူမဆို' တိုင်ကြားမှု ပြုနိုင်သည်။ ယင်းတို့တွင် အလုပ်သမားသမဂ္ဂများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်း (အဲန်ဂျီအိုများ) နှင့် လုပ်သားများ၊ ရပ်ရွာလူထုများ၊ တစ်သီးပုဂ္ဂလများ... စသည့် စီးပွားရေး လုပ်ငန်းတစ်ခု၏ ဆောင်ရွက်ချက်ကြောင့် ထိခိုက်နစ်နာရသူများ ပါဝင်နိုင်သည်။

ဘယ်ကိစ္စ။ OECD အတွင်း သို့မဟုတ် ယင်း၏စည်းမျဉ်းများကို လိုက်နာရမည့်နိုင်ငံများအတွင်း ရှိနေသည့် ကမ္ဘာ လုံးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများ ပြုနေကြသည့် ကုမ္ပဏီများအပေါ် တိုင်ကြားနိုင်သည်။ သူတို့၏ ထောက်ပံ့ရေးလမ်း ကြောင်း တလျှောက်၊ သို့မဟုတ် စီးပွားရေးဆက်ဆံရေးကိစ္စများကြောင့်၊ လမ်းညွှန်မှုများကို ချိုးဖောက်၍ ဆိုးကျိုးများ ဖြစ် ပေါ်စေသည်ဆိုလျှင် တိုင်ကြားနိုင်သည်။

ဘယ်အချိန်။ ယခင်အတိတ်က ဖြစ်ပေါ်ခဲ့ပြီး၊ ကုမ္ပဏီက ယင်းတို့ကို လုံလောက်စွာဖြေရှင်းပေးမှု မရှိသော ချိုးဖောက် မှုများကို တိုင်ကြားနိုင်သည်။ လက်ရှိဖြစ်နေသော ချိုးဖောက်မှုများ သို့မဟုတ် ကုမ္ပဏီက စီစဉ်ထားသည့် လှုပ်ရှားမှုများကို ဆက်လက်လုပ်ဆောင်ပါက ဖြစ်ပေါ်လာနိုင်သော ချိုးဖောက်မှုများ၊ ဥပဒေအရ တိကျစွာလိုက်နာရန်ရှိသော အဆင့်များ (due diligence) များအပေါ် သင့်တော်စွာ လိုက်နာမှု မရှိပါက တိုင်ကြားနိုင်သည်။

ဘယ်နေရာ။ စွပ်စွဲထားသည့် ချိုးဖောက်မှု ဖြစ်ပွားသည့်နိုင်ငံများရှိ NCP ရုံးများတွင် တိုင်ကြားမှု ပြုနိုင်သည်။ အကယ် ၍ အိမ်ရှင်နိုင်ငံတွင် NCP ရုံး မရှိပါက၊ မိခင်နိုင်ငံရှိ NCP ရုံးသို့ တိုင်ကြားမှု ပြုနိုင်သည်။ ယင်းနိုင်ငံတွင် ကျူးလွန်ချိုးဖောက် သည့် ကုမ္ပဏီ၏ ဌာနချုပ်ရုံးရှိရာ နိုင်ငံ ဖြစ်သည်။ တစ်ပြိုင်နက်တည်းတွင် အခြားနိုင်ငံများ (မိခင်နိုင်ငံနှင့် သွားရောက် ဆောင်ရွက်ရာနိုင်ငံ) ရှိ NCP ရုံးအများသို့လည်း တစ်ပြိုင်နက် တိုင်ကြားနိုင်သည်။

ဘယ်အတွက်ကြောင့်။ OECD က ယခုလမ်းညွှန်မှုများကြောင့် ကော်ပိုရေးရှင်းကြီးများ၏ အမူအကျင့် ပြောင်းလဲစေ ရန်၊ (သို့သော် ဤသို့ဖြစ်စေမည်ဟု အာမခံမှု မရှိပါ) လူအများ သိရှိလာစေရန်နှင့် နစ်နာမှုများအပေါ် ပြန်လည်ကုစားမှုများ ပေးသည့် စနစ်ယန္တရား ရှိစေရန် လမ်းညွှန်ထားသည်။

**နောက်ဆုံး ထုတ်ပြန်ကြေညာချက်နှင့် ဆက်လက်ဆောင်ရွက်မှုများ**

ယင်းလုပ်ငန်းစဉ်ကို နိဂုံးချုပ်ရန် NCP ရုံးက လူသိရှင်ကြား နောက်ဆုံး ကြေညာချက် ထုတ်ပြန်ပေးရမည်။

- အကယ်၍ ဖြန်ဖြေပေးမှု အောင်မြင်ခဲ့လျှင် ယင်းထုတ်ပြန်ကြေညာချက်တွင် ပြဿနာ၏အကြောင်း၊ လုပ်ငန်း စဉ်၊ ပူးတွဲရရှိသည့် သဘောတူညီချက်များ ပါဝင်ဖော်ပြရမည်။
- အကယ်၍ ဖြန်ဖြေပေးမှု မအောင်မြင်ပါက ယင်းထုတ်ပြန်ကြေညာချက်တွင် ပြဿနာ၏အကြောင်း၊ လုပ်ငန်း စဉ်နှင့် ဖက်အသီးသီး ပါတီများသို့ အကြံပြုချက်များ ပါဝင်ဖော်ပြရမည်။

နောက်ဆုံး ထုတ်ပြန်ကြေညာချက်တွင် NCP ရုံးက စွပ်စွဲထားသည့် ချိုးဖောက်မှုအပေါ် အကဲဖြတ်သုံးသပ်မှု ပါဝင်ဖော်ပြမည်ဟု၊ OECD Watch ကွန်ရက်က မျှော်လင့်ထားပါသည်။

- ထုတ်ပြန်ကြေညာချက်တွင် သဘောတူညီချက်များအပေါ် စောင့်ကြည့်လေ့လာမှုနှင့် နောက်ဆက်တွဲ လုပ်ဆောင် မှုများ၊ သို့မဟုတ် အကြံပြုချက်များ ဖော်ပြပေးရမည်။ ကြေညာချက် မူကြမ်းများစွာနှင့် နစ်ဖက်ညှိနှိုင်းသဘောတူ သည့် စာသားများဖြင့် မှတ်ချက်ပေးမည်ဟု မျှော်လင့်သည်။

## OECD Watch စောင့်ကြည့်လေ့လာရေးနှင့် OECD လမ်းညွှန်မှုများ

OECD Watch ကွန်ရက်က စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများသည် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးမှု ဖြစ်ပေါ်လာစေရန်၊ ဆင်းရဲမွဲတေမှု လျော့နည်းကျဆင်းစေရန်၊ ယင်းကုမ္ပဏီများက သူတို့၏ကမ္ဘာတစ်ဝှမ်း လုပ်ဆောင်မှုများနှင့် ထိခိုက်သက် ရောက်မှုများအပေါ် တာဝန်ယူ တာဝန်ခံမှု ရှိစေရန် ရည်ရွယ်ချက်ထားပါသည်။

OECD Watch ကွန်ရက်သည် ကမ္ဘာလုံးဆိုင်ရာ ကွန်ရက်တစ်ခုဖြစ်ပြီး နိုင်ငံပေါင်း ၄၅ ခုတွင် အဖွဲ့ဝင်ပေါင်း ၈၀ ဖွဲ့ကျော် ပါဝင်သည်။ အဖွဲ့ဝင်များတွင် ကျယ်ပြန့်သော အရပ်ဖက်လူမှု အဖွဲ့အစည်းများ ပါဝင်ကြပြီး၊ စီးပွားရေး လုပ်ဆောင်မှုများမှနေ၍ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးမှုဖြစ်ပေါ်လာစေရေး၊ ဆင်းရဲမွဲတေမှု လျော့နည်းကျဆင်း ရေးအတွက် သေချာဖြစ်စေရန် သံန္နိဋ္ဌာန်ရှိထားသည့် ကော်ပိုရေးရှင်းများသည် ကမ္ဘာတစ်ဝှမ်းရှိ သူတို့၏လုပ်ဆောင်မှုများ အပေါ်တွင် တာဝန်ခံ တာဝန်ယူမှု ရှိရမည်ဟု ယုံကြည်ကြသည့် အဖွဲ့အစည်းများ ပေါင်းစုထားခြင်း ဖြစ်သည်။ ကော်ပိုရေးရှင်းကြီးများ၏ တာဝန်ယူ တာဝန်ခံမှုအတွက် တစ်ကမ္ဘာလုံးဆိုင်ရာ လိုက်နာရမည့် အခြေခံမူဘောင်များ ရှိမနေသည့် အခြေအနေ၌ OECD လမ်းညွှန်မှုများသည် ကော်ပိုရေးရှင်းကြီးများကို သူတို့၏နိုင်ငံတကာ လုပ်ငန်းဆောင်ရွက်ချက်များအတွက် တာဝန်ယူ တာဝန်ခံမှုရှိစေရန် ဆောင်ရွက်နိုင်သည့် လုပ်ငန်းစဉ်ယန္တယား တစ်ခုပင် ဖြစ်သည်။

**နားချတိုက်တွန်းမှု နှင့် စည်းရုံးပြောဆိုမှု (Lobbying & advocacy)။** အရေးပါသည့် အင်အားစုများက အသိအမှတ်ပြုထားသည့်အတိုင်း OECD Watch ကွန်ရက်က အဲန်ဂျီအိုများ၊ ထိခိုက်နစ်နာရသည့် ရပ်ရွာလူထုများ၏ အမြင်များနှင့် အကျိုးစီးပွား၊ စိတ်ဝင်စားမှုများကို၊ စုစည်းဖော်ထုတ်ပေးရာ နေရာအဖြစ်၊ ယင်းပြဿနာများကို OECD အဖွဲ့၏ ရင်းနှီး မြှုပ်နှံမှု ကော်မရှင်တွင် မူဝါဒဆိုင်ရာ ဆွေးနွေးမှုများ ဖြစ်ပေါ်လာစေရန် ဆောင်ရွက်ပေးပါသည်။ NCP ရုံးများ၏ စွမ်း ဆောင်မှုများနှင့် လမ်းညွှန်မှုများကို အကောင်အထည်ဖော်ခြင်းကိစ္စများအပေါ် စောင့်ကြည့်လေ့လာနေခြင်းနှင့် တိုးတက် လာစေရန် နားချတိုက်တွန်းမှုများအပြင်၊ OECD Watch ကွန်ရက်က လူမှုရေး၊ သဘာဝ ပတ်ဝန်းကျင်နှင့် စီးပွားရေးဆိုင် ရာ ခေါင်းစဉ်များ စသည်ဖြင့် အကျယ်အပြန့်အပေါ် နိုင်ငံတကာ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ချက်များနှင့် ပတ် သက်၍ မူဝါဒဆိုင်ရာ အကြံပေးမှုများ ရေးသားထုတ်ဝေပါသည်။ ကွန်ရက်က ယခုမူဝါဒများနှင့် ရပ်တည်ချက်များကို မူဝါဒ ချမှတ်သူများ၊ စီးပွားရေးလုပ်ငန်းကြီးများ၊ အလုပ်သမား သမဂ္ဂများနှင့်လည်း အပြန်အလှန် ဆွေးနွေးမှုများပြုပါသည်။

**အရည်အသွေး မြှင့်တင်ပေးရေးနှင့် ပံ့ပိုးကူညီရေး။** OECD Watch ကွန်ရက်က အရပ်ဖက်လူမှု အဖွဲ့အစည်းများနှင့် ရပ်ရွာလူထုများကို အရည်အသွေးမြှင့်တင်ပေးရေး ဆယ်မီနာများ ကျင်းပခြင်းဖြင့်၊ လမ်းညွှန်မှုများ၏ တိုင်ကြားမှု လုပ်ငန်း စဉ်များအပေါ် ပတ်သက်သူများနှင့် တိုင်ကြားရန် စဉ်းစားနေကြသူများအတွက် အသေးစိတ် အကြံဉာဏ်များပေးခြင်းဖြင့် လမ်းညွှန်မှုများကို မည်သို့ဘာသာပြန်ဆိုရမည်ကို ရေးသား၊ ဖြန့်ဖြူးပေးခြင်းဖြင့်၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်း (အဲန်ဂျီ အို) များသို့ အငယ်စား ဂရန့်ငွေများထောက်ပံ့ပေးခြင်းဖြင့ ကွန်ရက်၏ တစ်စုံလုံးသော ရည်ရွယ်ချက် ပြည့်မြောက်စေရေး အတွက် ဆောင်ရွက်နေပါသည်။

**သုတေသနနှင့် အကဲဖြတ်မှု။** OECD Watch ကွန်ရက်က အကောင်အထည်ဖော်မှု၊ ထိရောက်မှု နှင့် OECD လမ်းညွှန်မှုများ၏ အကျိုးသက်ရောက်မှု ဖက်ပေါင်းစုံကို သုတေသန နှင့် အကဲဖြတ်မှုများ ဆောင်ရွက်ပါသည်။ OECD Watch ကွန်ရက်က ယုံကြည်သည်မှာ OECD လမ်းညွှန်မှုများ၏ ထိရောက်မှုအပေါ် စမ်းသပ်စစ်ဆေးခြင်းဖြင့်၊ ယင်းနည်းနာများ၏ အားနည်းချက်များကို ထောက်ပြပေးခြင်းဖြင့် NCP ရုံးတစ်ခုချင်း၏ စွမ်းဆောင်မှုကို မြင့်မားလာစေနိုင်ပါသည်။ ကွန်ရက် က အဲန်ဂျီအိုများက လမ်းညွှန်မှုများနှင့် ပတ်သက်၍ တိုင်ကြားလာသည့် အမှုများနှင့် ပတ်သက်၍ အွန်လိုင်းဒေတာဘေ့စ် တစ်ခု ထူထောင်ထားပြီး၊ လေးလတစ်ကြိမ် ထုတ်ပြန်ပုံနှိပ်ပေးပါသည်။ ယင်းတို့တွင် အမှုများအပေါ် သုံးသပ်ချက်နှင့် ဖွံ့ဖြိုး တိုးတက်မှုများ အပါအဝင် ဖြစ်သည်။

**ကော်ပိုရေးရှင်းကြီးများ တာဝန်ယူ တာဝန်ခံမှု ရှိစေရန် အခြားသောနည်းနာများ။** OECD လမ်းညွှန်များအပြင်၊ OECD Watch ကွန်ရက်က ကမ္ဘာတစ်ဝှမ်းလုံးတွင် ကော်ပိုရေးရှင်းကြီးများ တာဝန်ယူတာဝန်ခံမှု ရှိလာစေရေး အခြေခံမူဘောင် များ အားကောင်းခိုင်မာလာစေရန် နားချတိုက်တွန်းမှုများလည်း ဆောင်ရွက်နေပါသည်။

## ယခုလမ်းညွှန်အကြောင်း

ယခုလက်ကမ်းလွှာတွင် နိုင်ငံပေါင်းစုံ လုပ်ငန်းကြီးများအတွက် OECD Watch စောင့်ကြည့်လေ့လာရေးအဖွဲ့၏ လမ်းညွှန် များနှင့် ဆက်စပ်နေသည့် တိုင်ကြားမှုဆိုင်ရာ လုပ်ငန်းစဉ်များကို အကျဉ်းသဘော ဖော်ပြထားပါသည်။ အရပ်ဖက်လူမှု အဖွဲ့အစည်းများ၊ လုပ်သားများ၊ ရပ်ရွာလူထုများနှင့် တစ်သီးပုဂ္ဂလများသည် တာဝန်မသိသည့် စီးပွားရေးလုပ်ငန်းများ၏ လုပ်ဆောင်မှုများကြောင့် ထိခိုက်သက်ရောက်မှု ရှိလာပါက၊ ယခု လမ်းညွှန်မှုများကို သုံး၍ ကော်ပိုရေးရှင်းကြီးများကို သူတို့၏ လုပ်ဆောင်မှုများအပေါ် တာဝန်ယူခိုင်းစေနိုင်ပါသည်။ ယခုလက်ကမ်းလွှာတွင် မည်သို့ဆောင်ရွက်ကြရမည်ကို အကျဉ်းသဘော ဖော်ပြထားသည်။


နိုင်ငံပေါင်းစုံ လုပ်ငန်းကြီးများအတွက် OECD Watch စောင့်ကြည့်လေ့လာရေးအဖွဲ့၏ လမ်းညွှန်များ အသေးစိတ်ကို ယင်း အဖွဲ့၏ ဝက်ဘ်ဆိုဒ် www.oecdwatch.org တွင် ရရှိနိုင်ပါသည်။

## OECD စောင့်ကြည့်လေ့လာမှု (OECD Watch) အကြောင်း

ယင်းကို ၂၀၀၃ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး၊ OECD Watch သည် နိုင်ငံပေါင်း ၄၅ ခုတွင် အဖွဲ့ဝင်ပေါင်း ၈၀ ဖွဲ့ကျော်ရှိသော ကမ္ဘာလုံးဆိုင်ရာ ကွန်ရက် ဖြစ်သည်။ အဖွဲ့ဝင်များတွင် အကျယ်အပြန့်သော အရပ်ဖက်လူမှု အဖွဲ့အစည်းများ ပါဝင်ကြပြီး၊ စီးပွားရေး လုပ်ဆောင်မှုများမှနေ၍ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးမှုဖြစ်ပေါ်လာစေရေးနှင့် ဆင်းရဲမွဲတေမှု လျော့နည်းကျဆင်း ရေးအတွက် သေချာဖြစ်စေရန် သံန္နိဋ္ဌာန်ရှိထားသည့်၊ ကော်ပိုရေးရှင်းများသည် ကမ္ဘာတစ်ဝှမ်းရှိ သူတို့၏လုပ်ဆောင်မှုများ အပေါ်တွင် တာဝန်ခံတာဝန်ယူမှု ရှိရမည်ဟု ယုံကြည်ကြသည့် အဖွဲ့အစည်းများ ပေါင်းစုထားခြင်း ဖြစ်သည်။

OECD Watch
Sarphatistraat 30
1018 GL  Amsterdam
The Netherlands

+31 20 6391291
info@oecdwatch.org
www.oecdwatch.org



ယခုလက်ကမ်းလွှာ ဖြစ်မြောက်စေရန် ဒတ်ချ်နိုင်ငံခြားရေးဝန်ကြီးဌာန နှင့် နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတို့က ငွေကြေး ထောက်ပံ့ပေးကြပါသည်။ ယခုလက်ကမ်းလွှာတွင် ပါဝင်သည့်အကြောင်းအရာများအတွက် OECD Watch တွင်သာ လုံးဝ တာဝန်ရှိပါသည်။ ဘဏ္ဍာငွေထောက်ပံ့သူများ၏ အမြင် များကို ထင်ဟပ်ခြင်း မရှိပါ။

ဇွန်လ၊ ၂၀၁၂ ခုနှစ်။

GRAPHIC DESIGN: JUSTAR.NL